# ဝိသုဒ္ဓိမဂ် လေ့ကျင့်ခန်း မေးခွန်းများ (ဒုတိယစျာန် နှင့် တတိယစျာန်ပိုင်း)

ဆရာတော်ဦးဩဘာသ (ဓမ္မာနန္ဒဝိဟာရ) ၏ ဝိသုဒ္ဓိမဂ်သင်တန်း (ဒုတိယစျာန်နှင့် တတိယစျာန်ပိုင်း) လေ့ကျင့်ခန်း မေးခွန်းများ။

"ပထဝီကသိဏနိဒ္ဒေသ" သင်တန်းမှတ်စု စာမျက်နှာ 48 မှ 59 အထိ ။

1. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   ဝသီဘော်လေးပါးဖြင့် ပထမစျာန်ကို ကျွမ်းကျင်အောင် လေ့ကျင့်ပြီးမှသာ ဒုတိယစျာန်ကို တက်နိုင်သည်။

   ◯ မှန်သည်

   ◯ မှားသည်

2. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   ပထမစျာန်၌ရှိသော ဖဿစသော တရားများသည်ပင် ဒုတိယစျာန်သို့ အတူတကွ လိုက်ပါလာကြ၏။

   ◯ မှန်သည်

   ◯ မှားသည်

3. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   ဒုတိယစျာန်၌ "သမ္ပသာဒနံ-ကြည်လင်စေခြင်း" ဟူသည် "သဒ္ဓါ " ကို ဆိုလို၏။

   ◯ မှန်သည်

   ◯ မှားသည်

4. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   နီဝရဏတို့ကိလေသာတို့ ငြိမ်းခြင်းကြောင့် ဒုတိယစျာန်သည် ကြည်လင်ခြင်းဖြစ်၏။

◯ မှန်သည်

◯ မှားသည်

5. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

ဝိတက်,ဝိစာရတို့ကို ဒုတိယစျာန်၏ အပ္ပနာခဏသို့ရောက်မှသာ ပယ်အပ်ပေသည်။

◯ မှန်သည်

◯ မှားသည်

6. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

ပီတိကို တွယ်တာနေလျှင် တတိယစျာန်သို့ မရောက်နိုင်။

◯ မှန်သည်

◯ မှားသည်

7. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

တတိယစျာန်၌ သုခ-ဒုက္ခ တို့ကို နှလုံးမသွင်းပဲ မျက်ကွယ်ပြုထားခြင်းကို "ဥပေက္ခာ"ဟု ခေါ်၏။

◯ မှန်သည်

◯ မှားသည်

8. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

ထိုတတိယစျာန် ဥပေက္ခာသည် ဥပေက္ခာ ၁၀-မျိုးတို့တွင် "စျာနုပေက္ခာ" ကို ယူရမည်။

◯ မှန်သည်

◯ မှားသည်

9. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

သတိကို "ကိလေသာတို့မှ စောင့်ရှောက်တတ်သောတရားပေတည်း " ဟု ယောဂီဉာဏ်မှာ ထင်ရှားလာ၏။

◯ မှန်သည်

○ မှားသည်

10. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

ယောဂီသည် တတိယစျာန်ဝင်စားခိုက် စေတသိကသုခကို နာမကာယဖြင့် ခံစားနေ၏။

○ မှန်သည်

○ မှားသည်

11. အောက်ပါတို့၌ မှန်ရာတစ်ခုကိုသာ ရွေးချယ်ခဲ့ပါ။ (1 point)

"ဧကောဒိ"ဟူသည်-

○ သဒ္ဓါ၏ အမည်တည်း။

○ ဝီရိယ၏ အမည်တည်း။

○ သမာဓိ၏ အမည်တည်း။

○ ပညာ၏ အမည်တည်း။

12. စူးစိုက်မှုမရှိသဖြင့် ဒုတိယစျာန်၏ အင်္ဂါတွင် ထည့်သွင်းမထားသော တရားကို ရွေးချယ်ခဲ့ပါ။ (1 point)

○ ပီတိ

○ သုခ

○ သမ္ပသာဒန

○ ဧကဂ္ဂတာ

13. အောက် ကာမလောက၌ ဖြစ်သော ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးတွင် မပါသော တရားကို ထုတ်ပြပါ။ (1 point)

○ သက္ကာယဒိဋ္ဌိ

○ ဝိစိကိစ္ဆာ

○ မစ္ဆရိယ

○

ကာမရာဂ

○ ဗျာပါဒ

14. တတိယစျာန်၌ရှိသော သုခကို ဒုတိယစျာန်ရှိ ပီတိနှင့် မပေါင်းမိစေရန် စောင့်ထိန်းထားသော တရားမှာ- (1 point)

○ ဝီရိယ နှင့် သတိ

○ ပညာနှင့် သဒ္ဓါ

○ သတိ နှင့် ပညာ

○ သတိနှင့် သမာဓိ

15. တတိယစျာန်နှင့် ပြည့်စုံသောသူကို ဘုရားစသော အရိယာတို့က ချီးမွမ်းခြင်းအကြောင်းမှာ- (1 point)

○ အထွတ်အထိပ်သို့ရောက်သော တတိယစျာန်သုခ၌သော်လည်း လျစ်လျူရှုထားနိုင်ခြင်း၊

○ ဒုတိယစျာန်ပီတိ မဖြစ်ပေါ် နိုင်အောင် သတိ၏ အားကောင်းနေခြင်း၊

○ အရိယာတို့ကဲ့သို့ ညစ်နွမ်းခြင်းမရှိသော သုခကို နာမကာယဖြင့် ခံစားနေခြင်း၊

○ အထက်ပါ ၃-ခုလုံး ပါဝင်ပါသည်။

16. တတိယစျာန်အင်္ဂါ၌ သုခ,ဧကဂ္ဂတာ ၂-ပါးသာ ရှိသော်လည်း ဝိဘင်းကျမ်း၌မူကား ဥပေက္ခာ, သတိ, သမ္ပဇည တို့ကိုပါ ထည့်သွင်း၍ ဟောထားခြင်းမှာ- (1 point)

○ အခြံအရံနှင့်တကွ စျာန်ကိုပြခြင်းငှာ ထည့်သွင်းဟောထားပေသည်။

○ နီဝရဏတို့ကို ပယ်တတ်သောကြောင့် ထည့်သွင်းဟောထားပေသည်။

○ ကောင်းမြတ်သည့် သောဘနစေတသိက်များဖြစ်၍ ထည့်သွင်းဟောထားသည်။

17. အောက်ပါ ဥပေက္ခာတို့ကို သက်ဆိုင်ရာ တရားကိုယ်များနှင့် မှန်ကန်အောင် တွဲပေးပါ။ (4 points)

| | |
|---|---|
| ____ က။ ဗြဟ္မဝိဟာရုပေက္ခာ | **1.** ၁။ ပညာ |
| ____ ခ။ ဝီရိယုပေက္ခာ | **2.** ၂။ ဝေဒနာ |
| ____ ဂ။ ဝိပဿနုပေက္ခာ | **3.** ၃။ ဝီရိယ |
| ____ ဃ။ ဝေဒနုပေက္ခာ | **4.** ၄။ တတြမဇ္ဈတ္တတာ |